# THE MARKET WATCH

KBZSC

ISSUE 4

KBZSC Securities Trading Oct 6, 2022

## ရန်ကုန်စတော့အိပ်ချိန်းဈေးကွက်အကျဉ်းချုပ်

## Yangon Stock Exchange Market Summary

ရန်ကုန်စတော့အိပ်ချိန်း (YSX) တွင် ၂၀၂၂ ခုနှစ်၊ ဇူလိုင်မှ စက်တင်ဘာလ အတွင်း အစုရှယ်ယာ ရောင်းဝယ်မှုပမာဏ စုစုပေါင်းမှာ မြန်မာကျပ်ငွေ ၂.၂ ဘီလီယံခန့် ဖြစ်ပြီး၊ အစုရှယ်ယာ အရေအတွက် ၅ သိန်းကျော်အရောင်း အဝယ် ဖြစ်ခဲ့ပါသည်။ လွန်ခဲ့သော ၃ လ ကာလအတွင်း Block Trading (ရှယ်ယာအရေအတွက်အမြောက်အများရောင်းဝယ်ခြင်း) အစု ရှယ်ယာအရေအတွက် ၁၀,၀၀၀ စု အရောင်းအဝယ် ပြုလုပ်ခဲ့ပြီး အစုရှယ်ယာဝယ်ယူမှုပမာဏအနေဖြင့် ကျပ် ၂၄.၅ သန်းခန့်ရှိခဲ့သည်ကို တွေ့ရသည်။

From July to September 2022, the total number of shares traded on the Yangon Stock Exchange (YSX) was more than 530,000 shares with total trading value of about MMK 2.2 billion. In the same trading period, the total number of shares traded via block trading system (trading above 10,000 shares of any YSX stock) was 10,000 shares with total trading value of about MMK 24.5 million.

| STOCK | JUL-SEP HIGH (MMK) | JUL-SEP LOW (MMK) | AVERAGE DAILY VOLUME | TOTAL TRADING VALUE (MMK) |
|---|---|---|---|---|
| FMI | 11,000 | 6,900 | 1,035 | 586.9 mil |
| MTSH | 4,000 | 2,400 | 5,833 | 1,136.6 mil |
| MCB | 8,000 | 6,700 | 76 | 35.2 mil |
| FPB | 24,000 | 15,500 | 206 | 253.9 mil |
| TMH | 2,850 | 2,050 | 736 | 125.8 mil |
| EFR | 2,900 | 2,300 | 173 | 29.5 mil |
| AMATA | 5,500 | 3,900 | 227 | 73.1 mil |

**KBZSC Telegram Channel** တွင် စာရင်းပေးသွင်းခြင်းဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဈေးကွက် အကြောင်းအရာများကို လေ့လာနိုင်ပါသည်။

# ရန်ကုန်စတော့အိပ်ချိန်းသတင်း

## Yangon Stock Exchange News Update

### ရန်ကုန်စတော့အိပ်ချိန်း၏ Liquidity Provider (LP) Program ကို မိတ်ဆက်ခြင်း

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့တွင် ရန်ကုန်စတော့အိပ်ချိန်း (YSX) သည် ပြည်တွင်းစတော့ရှယ်ယာဈေးကွက် အရောင်းအဝယ်ပိုမိုသွက်လက်လာစေရန် Liquidity Provider (LP) Program ကိုစတင်အကောင်အထည်ဖော်ခဲ့ပါသည်။ YSX ၏ LP Program ကို နှစ်ပိုင်းခွဲ၍ အကောင်အထည်ဖော်သွားမည် ဖြစ်ပါသည် -

၁) Trading participants များမှ ကိုယ်ပိုင်အရောင်းအဝယ်ပြုလုပ်နိုင်ရန် မြှင့်တင်ပေးခြင်း

၂) Block Trading (ရှယ်ယာအမြောက်အမြားအရောင်းအဝယ်ပြုလုပ်ခြင်း) ကန့်သတ်ချက်ကို ကျပ် ၃၀၀ သိန်းသို့ ဖြေလျှော့သတ်မှတ်ပေးခြင်း

### Introducing Yangon Stock Exchange's Liquidity Provider (LP) Program

On September 1, 2022, Yangon Stock Exchange (YSX) implemented the Liquidity Provider (LP) Program in a bid to encourage trading and improve market liquidity in the stock market. YSX's LP Program will come into effect in two components by –

1) Promoting self-trading of trading participants
2) Relaxing the restriction for block trading with the establishment of minimum value of trading shares for block trading at MMK 30 million.

# စာရင်းဝင်ကုမ္ပဏီသတင်း

## Listed Companies' News Update

### FMI ၏ လက်အောက်ခံ ကုမ္ပဏီမှ အဆိုပြုထားသည့် ဝယ်ယူမှုကိစ္စ

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၁၂) ရက်နေ့တွင် FMI ကုမ္ပဏီအုပ်စု၏ ဒါရိုက်တာအဖွဲ့သည် Memories Group အား Singapore Exchange Securities Trading Limited ၏ Catalist စာရင်းမှ ထွက်ခွာရန် အဆိုပြုရာတွင် ရှယ်ယာရှင်များ အတည်ပြုချက်ရယူရန် ထွက်ပေါက်ကမ်းလှမ်းချက် ၂ ခုကို တင်ပြခဲ့ပါသည် -

၁) ရှယ်ယာတစ်စုလျှင် ငွေသား စင်ကာပူဒေါ်လာ ၀.၀၄၇ ဖြင့် ရောင်းချခြင်းဖြင့်လည်းကောင်း

၂) စင်ကာပူဒေါ်လာ ၀.၀၄၇ တန်ဖိုးရှိ Memories (2022) Pte. Limited ၏ သာမာန်ရှယ်ယာအသစ်တစ်စု အစားထိုးရယူခြင်း ရွေးချယ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

အထက်ဖော်ပြပါ စာရင်းမှထွက်ခွာရန်အဆိုပြုချက်ကြောင့် ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဆိုးကျိုးသက်ရောက်မှု မရှိနိုင်ဟု ခန့်မှန်းထားပါသည်။

### FMI – Proposed Acquisition by Subsidiary

On September 12, 2022, the board of directors of FMI announced the proposed delisting of Memories Group from the Catalist of the Singapore Exchange Securities Trading Limited to its shareholders with two options considered for exit offer, pending shareholders' approval–

1) cash consideration of Singapore dollar S$ 0.047 per share or
2) New ordinary share in the capital of Memories (2022) Pte. Limited at the price of S$0.047.

The Company does not expect any material adverse effect on its operations due to the delisting proposal.

### FMI ၏ လက်အောက်ခံကုမ္ပဏီတစ်ခု တည်ထောင်ခြင်း

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် FMI ကုမ္ပဏီအုပ်စု၏ ဒါရိုက်တာအဖွဲ့သည် Memories (2022) Pte. Limited ရာနူန်းပြည့်ပိုင်ဆိုင်သည့် လက်အောက်ခံကုမ္ပဏီကို စင်ကာပူနိုင်ငံတွင် တည်ထောင်ခဲ့ကြောင်း အသိပေးကြေငြာခဲ့ပါသည်။ အဆိုပါ Memories (2022) Pte. Limited ၏ သာမန်အစုရှယ်ယာတစ်စုပါဝင်သည့် မတည်ရင်းနှီးငွေကို စင်ကာပူတစ်ဒေါ်လာ သတ်မှတ်ခဲ့ပြီး ကုမ္ပဏီမှ ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုတချို့အား လုပ်ဆောင်ရန်အတွက် ဤလက်အောက်ခံကုမ္ပဏီကို အသုံးပြုရန် ရည်ရွယ်ထားသည်။

### FMI – Incorporation of Subsidiary

On August 23, 2022, FMI's board of directors announced the incorporation of its subsidiary, Memories (2022) Pte. Limited in Singapore. The issued and paid-up share capital is recorded at S$1 comprising 1 ordinary share and the Company intends to use the entity for the Group's selected investment.

### AMATA - လွတ်လပ်သောဒါရိုက်တာရာထူး အသိပေးကြေငြာခြင်း

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၂၈) ရက်နေ့တွင် AMATA သည် ဦးကျော်ပိုင်နှင့် ဒေါ်သီတာအေးတို့ကို ကုမ္ပဏီ၏ လွတ်လပ်သောဒါရိုက်တာများအဖြစ် ပြန်လည်ခန့်အပ်ခဲ့ပါသည်။ ဦးကျော်ပိုင်သည် Myanmar Construction and Development Public Co., Ltd ၏ CEO အဖြစ် တာန်ထမ်းဆောင်လျက်ရှိပြီး ဒေါ်သီတာအေးမှာ Mother Finance Co., Ltd ၏ လက်ရှိ CEO ဖြစ်ပါသည်။

### AMATA – Independent Director Notification

On July 28, 2022, AMATA announced the reappointment of existing independent directors, U Kyaw Paing and Daw Theta Aye. U Kyaw Paing is currently the CEO of Myanmar Construction and Development Public Co., Ltd while Daw Theta Aye currently serves as the CEO of Mother Finance Co., Ltd.

## စာရင်းဝင်ကုမ္ပဏီများ၏ စီမံခန့်ခွဲရေးအဖွဲ့ဆွေးနွေးလေ့လာသုံးသပ်ချက်များ

## Listed Companies' Management Analyses and Discussions

### FPB ၏ ၂၀၂၂ ခုနှစ် ၆-လ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများ

၂၀၂၂ ခုနှစ် မတ်လကုန် ၆-လတာဘဏ္ဍာရေးနှစ်တွင် FPB ၏ အသားတင်အတိုးရဝင်ငွေမှာ ကျပ် ၅.၃၆ ဘီလီယံခန့် ရှိခဲ့ပြီး ကုမ္ပဏီ၏ အသားတင်အမြတ်မှာ ကျပ် ၂.၀၈ ဘီလီယံရှိခဲ့ပါသည်။ ယခုနှစ်အတွက် ဘဏ်၏ ချေးငွေပမာဏနှင့် အပ်ငွေပမာဏမှာ ကျပ် ၁၀၆ ဘီလီယံနှင့် ကျပ် ၁၄၆ ဘီလီယံခန့် အသီးသီးရှိခဲ့ပြီး ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ပမာဏအနည်းငယ်ကျဆင်းခဲ့သည်ကို တွေ့ရပါသည်။ ဘဏ်၏ ချေးငွေအရေအသွေးကိုလေ့လာကြည့်ပါက ဘဏ်၏ ဆုံးရှုံးနိုင်ချေရှိသောချေးငွေအချိုးမှာ ၂၁.၉၂% သို့ မြင့်တက်ခဲ့ပြီး ပြီးခဲ့သည့်နှစ်၏ ၁၇.၇၃% ထက်များပြားခဲ့ပါသည်။

### FPB – Audited Financial Statements for the six-month period ended March 31, 2022

In March 2022 six-month financial year, FPB's net interest income was recorded at MMK 5.36 billion while its net profit was recorded at MMK 2.08 billion. The Bank's loans and receivables and deposits from customers declined slightly to MMK 106 billion and MMK 146 billion respectively, compared to the previous financial year. In terms of the credit quality of loans and advances, the Bank's non-performing loan ratio has increased to 21.92% compared to 17.73% in the previous financial year.

ဘဏ်၏ ငွေသားလည်ပတ်မှုအချိုးကို လေ့လာပါက လက်ရှိ ငွေသားစီးဆင်းမှုအချိုးသည် ၆၁.၃၈% ရှိသည့်အတွက် မြန်မာနိုင်ငံဗဟိုဘဏ်၏ ၂၀% သတ်မှတ်ချက်အထက်တွင်ရှိပါသည်။ ယခုဘဏ္ဍာရေးနှစ်တွင် ဘဏ်၏ Tier (1) ရင်းနှီးငွေအချိုး နှင့် ရင်းနှီးငွေလုံလောက်မှုအချိုးတို့မှာ CBM ရဲ့ သတ်မှတ်ချက်အချိုးများအထက်တွင်ရှိပြီး ၄၃.၁၅% နှင့် ၄၆.၉၇% အသီးသီးတွင်ရှိပါသည်။

The Bank's liquidity ratio is at 61.38% which remains above the standard CBM ratio of 20%. In the same financial year, the Bank's Tier (1) capital ratio and regulatory capital adequacy ratio were recorded at 43.15% and 46.97% respectively which are above the minimum ratios set by the CBM.

**FIRST PRIVATE BANK PUBLIC COMPANY LIMITED**
(Incorporated in the Republic of the Union Of Myanmar)
**Statement of Comprehensive Income**

| | Notes | Period ended March 31,2022 MMK | Year ended September 30,2021 MMK |
|---|---|---|---|
| Interest income | 15 | 8,557,785,589 | 13,793,509,018 |
| Interest expenses | 16 | (3,196,892,199) | (7,501,517,537) |
| **Net interest income** | | **5,360,893,390** | **6,291,991,481** |
| Fee and Commission income | 17 | 162,941,416 | 408,219,999 |
| Fee and Commission expenses | 18 | (195,652,080) | (268,766,134) |
| **Net fees amd commission income** | | **(32,710,664)** | **139,453,865** |
| **Exchange Gain** | | **360,481,017** | **550,234,041** |
| **Exchange Loss** | | - | - |
| **Fx Revaluation Exchange Gain/(Loss)** | | **(6,607,490)** | **3,478,384,749** |
| **Revenue** | | **5,682,056,253** | **10,460,064,136** |
| **Other income (sale of assets)** | | 22,366,672 | - |
| **Personal expenses** | 19 | (1,483,688,199) | (2,259,661,565) |
| **Other expenses** | 20 | (1,407,103,844) | (2,388,666,681) |
| **Net profit (Before Tax)** | | **2,813,630,882** | **5,811,735,890** |
| Income Tax Expenses | 21 | (735,230,741) | (634,319,302) |
| **Net profit for the period/ year** | | **2,078,400,141** | **5,177,416,588** |
| **Other comprehensive income** | | - | - |
| | | **2,078,400,141** | **5,177,416,588** |

အသားတင်အမြတ်အချိုး
Net Profit Margin
**36.57%**

ရှယ်ယာတစ်စုဝင်ငွေ
Earnings per share
**MMK 841**

### AMATA ၏ စီမံခန့်ခွဲရေးအဖွဲ့ဆွေးနွေးလေ့လာသုံးသပ်ချက်

၂၀၂၂ ခုနှစ် မတ်လကုန် ၆-လတာဘဏ္ဍာရေးနှစ်တွင် AMATA သည် လုပ်ငန်းဝင်ငွေ ကျပ် ၁.၇၈ ဘီလီယံခန့်ရရှိခဲ့ပါသည်။ အဆိုပါကုမ္ပဏီ၏ ဝင်ငွေအများစုမှာ ဟိုတယ်အခန်းငှားရမ်းခများမှ ရရှိခဲ့ပါသည်။ Covid-19 ဖြစ်ပွားမှုနှုန်းများကျဆင်းခဲ့ခြင်းနှင့်အတူ ကုမ္ပဏီသည် ၎င်း၏ ဟိုတယ်လုပ်ငန်းများကို မြန်မာနိုင်ငံအနှံ့ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ထို့ကြောင့် ကုမ္ပဏီ၏ လုပ်ငန်းစွမ်းဆောင်ရည်များတိုးတက်ခဲ့ပြီး စုစုပေါင်းအမြတ်ဝင်ငွေအနေဖြင့် ကျပ် ၆၄၉.၅ သန်းခန့် ရရှိခဲ့ပါသည်။

ကာလတို အနာဂတ်အလားအလာအနေဖြင့် ကုမ္ပဏီသည် ခရီးသွားလုပ်ငန်းများပြန်လည်အသက်ဝင်လာမည်ဟု ခန့်မှန်းထားပြီး ဟိုတယ်နှင့် လူစီးမီးပုံးပျံလုပ်ငန်းများ ပြန်လည်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### AMATA – Management Discussion & Analysis

In the 6-month financial year ending March 2022, AMATA recorded operating revenue of MMK 1.78 billion with the majority of revenue contributed by room sales. With the decline in the rate of spread for Covid-19, the Company was able to reopen some of its hotels across Myanmar. This has resulted in an improvement in the Company's business performance, resulting in the total comprehensive income of MMK 649.5 million.

In the near term, the Company expects the tourism industry to recover and thus aims to resume hotels and hot air ballooning services.

| (Kyat) | 01-Oct-21 to 31-Mar-22 | 01-Oct-20 to 30-Sep-21 | % Change |
|---|---|---|---|
| **Operating Revenue** | | | |
| Room Sales | 1,187,137,161 | 311,018,290 | **282%** |
| Passenger Income (Balloon) | - | - | |
| Food and Beverage | 468,160,369 | 109,930,406 | **326%** |
| Other operating | 122,759,338 | 26,531,966 | **363%** |
| **Total** | **1,778,056,868** | **447,480,662** | **297%** |
| **Cost of Sales** | | | |
| Room and Balloon | 267,289,749 | 166,826,976 | **60%** |
| Food and Beverage | 287,942,402 | 127,042,288 | **127%** |
| Other operating | 13,216,961 | 7,218,268 | **83%** |
| **Total** | **568,449,112** | **301,087,532** | **89%** |
| **Gross Profit** | **1,209,607,756** | **146,393,130** | **726%** |
| **Other Income** | **1,154,956** | **2,000,439,778** | **-100%** |
| **Other Expense** | **(1,224,403,076)** | **8,477,430,096** | **-114%** |
| **EBITDA** | **2,435,165,788** | **(6,330,597,188)** | **-138%** |
| **EBIT** | **1,457,593,417** | **(8,438,791,712)** | **-117%** |
| **Interest Expense** | 1,009,219,558 | 1,611,671,310 | **-37%** |
| **Profit/(Loss) before Tax** | **448,373,859** | **(10,050,463,022)** | **-104%** |
| **Total Comprehensive Income** | **649,500,164** | **(10,024,094,822)** | **-106%** |

အကြမ်းအမြတ်အချိုး

Gross Profit Margin

**68.03%**

အသားတင်အမြတ်အချိုး

Net Profit Margin

**36.57%**

## YSX ရှယ်ယာဈေးနှုန်းကန့်သတ်ချက်နှင့် တချက်ခုန်ဈေးနှုန်းများ

### YSX Share Price Limits & Tick Sizes

| Base Price (MMK) | | Price Limit (+/-) |
|---|---|---|
| From | Up To | |
| 2,000 | 4,000 | 500 |
| 4,000 | 10,000 | 1,000 |
| 10,000 | 20,000 | 2,500 |
| 20,000 | 40,000 | 5,000 |
| 40,000 | 100,000 | 10,000 |

| Base Price | | Tick Size |
|---|---|---|
| From | Up to | |
| 1,000 | 4,000 | 50 |
| 4,000 | 10,000 | 100 |
| 10,000 | 40,000 | 500 |
| 40,000 | 100,000 | 1,000 |

YSX ရှိ စတော့ရှယ်ယာများအတွက် နေ့စဉ်ရှယ်ယာဈေးနှုန်း ကန့်သတ်ချက်များနှင့် တချက်ခုန်ဈေးနှုန်းများကို အထက်ဖော်ပြပါဇယားများတွင် တင်ပြလိုက်ပါသည်။

The above tables show the daily price limits for YSX stocks and their respective tick sizes.

# ရန်ကုန်စတော့အိပ်ချိန်းဈေးကွက် ပြန်လည်အသက်ဝင်လာပြီလား?

## Is Yangon Stock Exchange becoming active again?

MYANPIX (Jan 2020 – Sep 2022)




ယခုနှစ် စက်တင်ဘာလဆန်းမှစ၍ YSX ရှိ ရှယ်ယာဈေးနှုန်းများကို အခြေခံတွက်ချက်ထားသည့် MYANPIX အညွှန်းကိန်းသည် သိသာစွာမြင့်တက်ခဲ့ပြီး စက်တင်ဘာလ ၈ ရက်နေ့တွင် ၄၅၀ အညွှန်းမှတ်သို့ အမြင့်ဆုံးရောက်ရှိခဲ့ပါသည်။ အဆိုပါအမှတ်သည် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ နောက်ပိုင်း အမြင့်ဆုံးပြန်လည်ရောက်ရှိခဲ့သည့် အညွှန်းအမှတ်ဖြစ်ပါသည်။ စက်တင်ဘာလတွင် YSX တွင် ရှယ်ယာအရောင်းအဝယ်ဖြစ်သည့်အရေအတွက်သည်လည်း များပြားခဲ့ပြီး နေ့စဉ် ပျမ်းမျှအစုရှယ်ယာ ၁၅,၀၀၀ ဝန်းကျင်ခန့် အရောင်းအဝယ်ဖြစ်ခဲ့သည်ကို တွေ့ရပါသည်။ လက်ရှိအချိန်တွင် MYANPIX သည် ၄၂၀ အမှတ်တွင် ရောက်ရှိနေပြီး YSX အနေဖြင့် လက်ရှိအရောင်းအဝယ်အနေအထားတွင် ဆက်လက်ရပ်တည်နိုင်မလားကို စိတ်လှုပ်ရှားဖွယ် ဆက်လက်စောင့်ကြည့်သွားရမည်ဖြစ်ပါသည်။

Since the beginning of September, MYANPIX – index that tracks the price movements of YSX stocks, has seen a significant increase, reaching the recent peak level of about 450 points on 8th September 2022 which is the highest since January 2021. During the same period, YSX has also seen a significant increase in trading volume, with the daily average of above 15,000 shares. MYANPIX is currently stable at 420 points and it will be exciting to see if YSX will continue to keep up with the current trading activity.

## KBZSC Securities Trading Department Contact Details

| | | | |
|---|---|---|---|
| License No. | : 001 | Website | : www.kbzsc.com |
| Telephone | : 01 230 7305 - 08 | Facebook | : www.facebook.com/KBZSC |
| Email | : trading@kbzsc.com | Office Hours | : 9:00 AM - 4:30 PM (Monday – Friday) |


*Disclaimer:*

*The ideas expressed here should not be construed as an enticement to buy or sell the securities mentioned. The accuracy or completeness of the information provided cannot be guaranteed. All customers should carry out independent verification of information provided. No warranty whatsoever is given and no liability whatsoever is accepted for any loss howsoever arising whether directly or indirectly as a result of actions taken based on ideas and information found in this presentation.*